
က စိတ်ကူးချိုချိုအနုပညာ

# ဦးခင်မောင်(ဘဏ်)

## ပန်းချီကဏ္ဍသစ်



mgyoe.com

mgyoe.com

စာပေရှူး၊ ဗေဒင်ရှူး၊ ပန်းချီရှူး စသော ပညတ်များကိုလည်း
ပြန်လည်သုံးသပ်သင့်သည်။ ပညာတစ်ရပ်ကို
သူမတူလိုက်စားသူကို "ရှူး" စကားတစ်လုံးတပ်ကြသည်။
ဤနေရာတွင် အကောင်းသဘော၊ အမှန်သဘောကို
ဖော်ပြဟန်ရှိသည်။
အဆိုးသဘော မဟုတ်ပေ။
မည်သို့ဖြစ်စေ၊ မော်ဒန်အတ်ပေါ်လာပုံမှာ
တခမ်းတနားရှိလှသည်။ ကမ္ဘာ့ထိပ်တန်းပြတိုက်ကြီးများက
အရေးတယူဆွဲချိတ်ပြသထားကြပြီ။
ကုလသမဂ္ဂအစည်းအဝေးခန်းမကြီးတွင်
ကမ္ဘာကျော်မော်ဒန်ဆရာကြီးများ၏
မော်ဒန်ပန်းချီကားများကိုသာ ခြယ်လှယ်ကြသည်။
မည်သည့်တိုင်းပြည်တွင်မဆို ယခုဆောက်တည်ဆဲ
အဆောက်အအုံကြီးများတွင် မော်ဒန်ပန်းချီကိုသာ
ဦးစားပေးနေကြပြီ။




ISBN 9789997117748
ART6
9 789997 117748
1,000.00KS

mgyoe.com

ပန်းချီကာဗျာသစ်၊ ဦးခင်မောင်(ဘဏ်)
မျက်နှာဖုံးဒီဇိုင်း - unsplash image
စာမျက်နှာ ၇၅ မျက်နှာ၊ ၁၀ စင်တီ × ၁၆ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊
၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

နှစ် ၂၀ ပြည့် အမှတ်တရစာမွန်

# ပန်းချီကဏ္ဍသစ်

ဦးခင်မောင်(ဘဏ်)

ပထမအကြိမ် ၂၀၀၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ဤစာစောင်ပြုစုရာတွင် မန္တလေးမြို့ အမေရိကန် ပြန်ကြားရေးဌာနမှ "အရပ်သားများ နားလည်ရန် ခေတ်ပန်းချီ" စာအုပ်နှင့် အခြားပန်းချီစာအုပ်များ ငှားရမ်းခြင်းကိုလည်းကောင်း၊ အင်္ဂလန်ပြည်မှ ထုတ်ဝေသော "ပန်းချီဆရာ" နှင့် "ပန်းချီခန်း" မဂ္ဂဇင်းများတွင်ပါရှိသော ဆောင်းပါးများကိုလည်းကောင်း၊ ဤစာစောင်တွင်ပါရှိသော ဆေးရောင်စုံ ပန်းချီကားငယ် အချို့ကို ကူညီရေးဆွဲပေးကြသော ပန်းချီဆရာများကိုလည်းကောင်း၊ အထူးသဖြင့် ဤစာစောင် ရိုက်နှိပ်ရာတွင် တစ်ပါတည်းပါနိုင်ရန် တစ်ကြောင်းဆွဲ ပန်းချီပြ ရုပ်များကို စိတ်အားထက်သန်စွာ ရေးဆွဲကူညီသော ကိုပေါ်ဦးသက်အားလည်းကောင်း များစွာကျေးဇူးတင်ပါကြောင်း။

mgyoe.com

mgyoe.com

# ACKNOWLEDGMENTS

The author wishes to make acknowledgment to The U.S.I.S, Mandalay for the loan of "Layman's Guide to Modern Art" amongst other art books, to the publishers of "ARTIST", and "STUDIO" magazines from U.K., for the articles of contemporary arts and crafts, and to the artists who have contributed hand paintings, especially to Mr.Paw Oo Thet who has ardently drawn necessary illustrations on wax papers for the purpose of duplication.


mgyoe.com

mgyoe.com

# ပန်းချီကဗျာသစ်

MODERN ART

မော်ဒန်အတ် (ခေတ်ပန်းချီ)



mgyoe.com

mgyoe.com

ပန်းချီကို မြတ်နိုးကြသော၊ စိတ်ဝင်စားကြသော၊ အားပေးကြသော ပုဂ္ဂိုလ်များနှင့် အထူးလေ့လာလိုက်စားလိုကြသောသူများအတွက် မေတ္တာဖြင့် ဝေငှအပ်ပါသည်။

စောင်ရေ (၅၀) သာ ထုတ်ဝေပါသည်။

မန္တလေးမြို့ အလင်းရောင်စာပုံနှိပ်နှင့် ဘလောက်တိုက်မှာ ပြုလုပ်ရိုက်နှိပ်သည်။

mgyoe.com

mgyoe.com


# ခေတ်ပန်းချီ သို့မဟုတ် မော်ဒန်အတ်
# The New Decade and MODERN ART

Questionnaires - စာဒက

မေး – မော်ဒန်ပန်းချီကားတချို့ ကြည့်ရတာ ကလေးတစ်ယောက်ရေးဆွဲသလိုပဲ၊ လူတိုင်းဝင်ရေးပြီး မော်ဒန်ဆိုရင် ဘယ်လိုလဲ။

ဖြေ – ထင်သလိုမဟုတ်ပါ၊ အခု ရေးကြည့်ပေါ့။ ဖြစ်၊ မဖြစ်၊ ကိုယ်စောင့်နတ်က ပြောပါလိမ့်မယ်။

မေး – အဲဒီပန်းချီဆရာတွေဟာ Classic ဆိုတဲ့ သင်ရိုးပန်းချီတတ်ရဲ့လား။

ဖြေ – ယနေ့အထိ တွေ့ရသလောက်မှာ သူတို့ဟာ စိတ်ကူးပေါက်သလို လျှောက်ရေးနေပေမဲ့ သူတို့အလုပ်ရင်းက တချို့ပန်းချီကောလိပ်၊

mgyoe.com

mgyoe.com


အနုပညာကျောင်းတွေမှာ၊ ပရော်ဖက်ဆာကြီးတွေနဲ့ ဆရာတွေဖြစ်ကြောင်း တွေ့ရပါတယ်။ အစစ်အမှန်ရေးနည်း သင်ပြီး၊ တတ်ပြီးဟု ထင်ပါသည်။

မေး – သင်ရိုးမလိုက်ဘဲ၊ မော်ဒန်ကို စရေးရင်ရော ဖြစ်နိုင်မလား။

ဖြေ – မော်ဒန်ဆိုတဲ့အဆင့်ဟာ လှေကားထစ်လို တက်လာတဲ့ အထစ်လို့ နားလည်ပါတယ်။ လှေကားတော့ ကျော်တက်ရင်လည်း ရောက်နိုင်ပါတယ်။ ဝါးလုံးလောက် ခုန်ရင်လည်း ရောက်နိုင်ပါတယ်။

Picasso - Matisse - Gauguin - Van Gogh - Dufy စတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ ပထမ လက်ရာများကို ကြည့်ပါ၊ Realism ဆိုတဲ့ သဘောအတိုင်း အစစ်အမှန်ရေးနည်းက စတယ်၊ နောက်မှ မိမိပါရမီထူးရှိသလို ဝိဇ္ဇာထိုကြတာပဲ၊ သူတို့အကြောင်း မသိတဲ့သူကတော့ ကလေးရေးဆွဲတာနဲ့ မထူးဘူး ပြောကြမှာပေါ့။

မေး – ဒီအတိုင်း ရိုးရိုးရေးဆွဲလည်း ပြီးတာပဲ၊ ဘာလို့ သူများ နားမလည်တဲ့ တောင်ခြစ်မြောက်ခြစ်

mgyoe.com

mgyoe.com


ဆိုတာမျိုးတွေ စိတ်ကူးပေါက်ရတာလဲ။

ဖြေ – သူတို့ကျတော့ Physical Plane ဆိုတဲ့ ကိုယ်တွေ့ခံစားမှုတွေကို ငြီးငွေ့ပြီဖြစ်သဖြင့် Mental Plane ဆိုတဲ့ စိတ်ကူးယဉ်နယ်ထဲမှာသာ ကျက်စားချင်ပြီ။ Exprssionism ကို ဖတ်ကြည့်ပါ၊ အထူးသဖြင့် "ဝါရင့်" လာလျှင် အတွေ့အကြုံများလာလျှင်၊ အိုလာလျှင်၊ ဥပမာ။ ဗုဒ္ဓဘာသာလူမျိုးများတွင် အသက် ၅၀ ကျော်၊ ၆၀ ခန့်ရှိလျှင် တရားဘက်မွေ့လျော်စပြုကြသည်။ မှတ်တတ်သော ၁၀ နှစ်သားမှစ၍ အသက် ၅၀ အထိ တွေ့ကြုံ၊ ဆုံကွဲ။ ချမ်းသာဆင်းရဲ ထပ်တလဲလဲများကို ငြီးငွေ့ပြီဖြစ်သဖြင့် လောကုတ္တရာနယ်ဖြစ်တဲ့ နာမ်၊ စိတ်၊ စေတသိက်၊ မဂ်၊ ဖိုလ်ဆိုတဲ့ Mental Plane သို့ ကူးပြောင်းသည်။ သို့သော် ယခုပန်းချီမှာ လောကီကိစ္စဖြစ်သည်။ ခရီးသွားပုံခြင်းတူသဖြင့်သာ ဥပမာပေးခြင်းဖြစ်သည်။ ဦးတည်ပုံခြင်းတော့ မတူ။

မေး – မော်ဒန်အတတ်လိုက်ချင်လျှင် ဘာက စရေးရမလဲ၊

ဖြေ – မီးခြစ်ဘူးကိုတူအောင် အရင်ရေးကြည့်ပါဦး။

mgyoe.com

mgyoe.com


အဆန်းဆုံးရေးချင်ရင်၊ အရိုးဆုံး ရှာကြည့်ပေါ့။ အယိုင်ကို မရေးခင် တည့်မတ်တာကို ရေးကြည့်။ ဆိုလိုရင်းမှာ ကိုယ်ရေးတာဟာ "Hit" လိုရင်း ရောက် မရောက်သိအောင်ပါပဲ၊ ရယ်စရာဆိုပြီး ပျက်လုံးထုတ်တာ၊ မရယ်ရလျှင် ပျက်လုံးမဟုတ်ပါ။

❐

mgyoe.com


mgyoe.com


## Truth Vs Distortion


## အမှားနှင့်အမှန် ဘယ်လိုဆုံးဖြတ်ပါမည်လဲ

ပုံအမှတ် (က) နှင့် (ခ) တွင် မည်သည့်ပုံကို မှန်သည်ဟု ဆုံးဖြတ်ပါမည်လဲ?


(က)



(ခ)



(ဂ)



ပုံအမှတ် (ခ) သည် အမြင်အတိုင်း အနီးအဝေး စနစ်အရ ရေးဆွဲထားသဖြင့် မှန်ကန်သည်ဟု ဖြေဆိုပေမည်။ (ခ) ပုံမှန်လျှင် (က) ပုံအမှားဖြစ်ရမည်။

(က) ပုံမှာလည်း လေးဘက်ညီအစစ်ဖြစ်သဖြင့်

mgyoe.com

mgyoe.com


မှားသည်ဟု မဆိုနိုင်ချေ။ ကျွန်ုပ်တို့ "အမြင်" သာလျှင် အနီးအဝေးအရတစ်ဖက်ကျဉ်း တစ်ဖက်ကျယ်မြင်ရသဖြင့်၊ "အမြင်" ပင်လျှင် လေးဘက်ညီစားပွဲပုံကို ရုပ်ပျက်ဆင်းပျက်ဖြစ်စေသည်။ သို့ဖြစ်၍ အမှားအမှန်ဆိုသည်မှာ လိုရာထောင့်အမျိုးမျိုးမှ ဆွဲယူနိုင်ပေသည်။

ပုံအမှတ် (ဂ) သည် အမှန်နှင့်အမှား သို့မဟုတ် အကောင်းနှင့်အဆိုး အဘယ်ကိုမူတည်၍ ဆုံးဖြတ်ပါမည်နည်း။

□

mgyoe.com

mgyoe.com


# MODERN ART
# မော်ဒန်အတ်၊ ခေတ်ပန်းချီ

မော်ဒန်အတ်ကို လေ့လာရသည်မှာ ဘဲဥအစရှာရသလို ဖြစ်နေသည်။ ယင်းပန်းချီကားများသည် ဒု–ကမ္ဘာစစ်နောက်ပိုင်းတွင် ဆက်တိုက်ထွက်လာသည်။ ၎င်းတို့၏ပုံပန်းကြည့်ရသည်မှာ လူတိုင်းအဖို့အဆန်းဖြစ်နေသည်။ ထူးခြားနေသဖြင့် စိတ်ဝင်စားကြသည်။ နောက်ဆုံး ကြံရာမရသဖြင့် လက်လျှော့လိုက်ရသည်။

သာမန်လူများ မဆိုထားဘိ။ ပန်းချီဆရာများကလည်း နှာခေါင်းရှုံ့ကြသည်။ "အရူးချေးပန်း၊ ပန်းချီ" ဟု အမည်ပေးကြသည်။ မဆိုးလှပေ။ လူတကာလုပ်ရိုးလုပ်စဉ်ထက် ထူးခြားသော အပြုအမူရှိသူတို့ကို အရူးဟု ခေါ်ခဲ့ကြသည်။ အင်္ဂလန်ပြည်ရှိ တော်ဝင်

mgyoe.com

mgyoe.com


ပန်းချီအသင်း Royal Academy ဥက္ကဋ္ဌ Sir. Gerald F. Kelly, P.R.A., က "တိုတိုပြောရလျှင် မော်ဒန်အတ်ဆိုတာ အဓိပ္ပာယ်မရှိပါဘူး" ဟု ခနဲ့သည်။ ၎င်းအဖို့ မှန်ပေမည်။ မလေ့လာလျှင် မရိပ်စားနိုင်ချေ။

▢

mgyoe.com

mgyoe.com


## အရှုးကောင်း

စာပေရှူး၊ ဗေဒင်ရှူး၊ ပန်းချီရှူး စသော ပညတ်များကိုလည်း ပြန်လည်သုံးသပ်သင့်သည်။ ပညာတစ်ရပ်ကို သူမတူလိုက်စားသူကို "ရှူး" စကားတစ်လုံးတပ်ကြသည်။ ဤနေရာတွင် အကောင်းသဘော။ အမှန်သဘောကို ဖော်ပြဟန်ရှိသည်။ အဆိုးသဘော မဟုတ်ပေ။

မည်သို့ဖြစ်စေ၊ မော်ဒန်အတ်ပေါ်လာပုံမှာ တခမ်းတနားရှိလှသည်။ ကမ္ဘာ့ထိပ်တန်းပြတိုက်ကြီးများက အရေးတယူဆွဲချိတ်ပြသထားကြပြီ။ ကုလသမဂ္ဂ အစည်းအဝေးခန်းမကြီးတွင် ကမ္ဘာကျော်မော်ဒန်ဆရာကြီးများ၏ မော်ဒန်ပန်းချီကားများကိုသာ ခြယ်လှယ်ကြသည်။ မည်သည့်တိုင်းပြည်တွင်မဆို ယခုဆောက်


mgyoe.com

mgyoe.com



တည်ဆဲ အဆောက်အအုံကြီးများတွင် မော်ဒန်ပန်းချီကိုသာ ဦးစားပေးနေကြပြီ။ ကျွန်ုပ်တို့မြန်မာနိုင်ငံမှ ပန်းချီဆရာများလည်း ငိုက်မျဉ်းနေခြင်းကို စွန့်လွှတ်သင့်ပြီ။

"အရှုးချေးပန်း" ကိုစွသည် အကသဘင်ဘက်တွင်လည်း ထိုးဖောက်လာသည်။ Rock N.Roll ကနည်းကို ခေတ်သစ်လူငယ်များတိုင်း သဘောတွေ့ကြသည်။ ရှေးလူကြီးများအဖို့ များစွာမျက်စိနောက်စေသည်။



ထိုတွင်မကသေး အတီးအမှုတ်သဘင်တွင် JAZZ တီးမှုတ်နည်းဟု ဟန်တစ်မျိုးရှိသေးသည်။

ခေတ်ခွဲကြည့်လျှင် အယိုင်သဘော၊ အသုတ်သဘော၊ ငြိမ်သက်နေသောလူ၏အတွင်းစိတ်ခေတ်ကို လှုံ့ဆော်ပေးနိုင်သော "အား" များပါရှိသည်။ မန္တလေးမြို့မှ "အောင်ပင်လယ်ဒိုး" တီးဝိုင်းမှာ ၎င်းသဘောပါသည်။ ခြင်းခတ်ရာတွင်လည်း "အယိုင်" ခတ်ဟုတစ်မျိုးတစ်ဖုံ ဆန်းလာပြန်သည်။ ဆိုလိုသည်မှာ အများလက်ခံပြီးသော ရှေးမူအရိုးသဘောမှ အဆန်းဖြစ်သော "အယိုင်" သို့ပြောင်းလဲခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com




## အပြင်ရုပ်သည် - အစစ်အမှန်မဟုတ်

အမှန်ကို သာမန်မျက်စိနှင့် မမြင်နိုင်ဟုဆိုသည်။ ဝတ္ထုရုပ်တစ်ခုဖြစ်ပျက်နေပုံကို ယခုခေတ်တွင် တီးခေါက်ကြည့်ရုံနှင့် အားမရမတင်းတိမ်နိုင်ကြပေ။ သက်ရှိဆိုလျှင် သွေးကိုဖောက် သွေးကလာပ်စည်းကို မိုက်ခရိုမှန်ဘီလူးများဖြင့် ကြည့်ရှုစစ်ဆေးသည်။ သက်မဲ့ဆိုလျှင် ဆား ပေါင်ဒါအဖြစ် ထုတ်၍ ဓာတုဗေဒဌာနမှ စမ်းသပ်ကြည့်သည်။ ဘာတွေ့ပါသည်။ ဘာဖြစ်နေပါသည်ဟု အမှန်ဆွဲထုတ်ကြသည်။

သို့အမှန်သဘာဝကို ရှာရာတွင် ဓာတ်ပုံအကူအ

ပုံ–၁



mgyoe.com

mgyoe.com



ပုံ-၂



ပုံ-၃



mgyoe.com

mgyoe.com


ညီယူရသည်။ ဓာတ်ပုံက ဤဖြစ်ရပ်။ ဤသို့မြင်ခင်း အသစ်တစ်ကဏ္ဍဖွင့်ပေးလိုက်သည်။ ပုံနံပါတ် ၁– ၂–၃ တွင်ကြည့်ပါ။ လောကဓာတ်ပညာက ရှေးက မမြင်ဖူးသေးသောပုံသစ်ပုံဆန်းများ ဆွဲထုတ်ပြလိုက်သည်။ ၎င်းအသစ်အဆန်းများသည်ပင်လျှင် မော်ဒန်–ပန်းချီကို အရောင်ဟပ် ဆန်းသစ်စေသည်။

## အတွင်းရုပ်ကို ဘယ်လိုဖော်ပြအံ့နည်း

မျက်စိဖြင့် မြင်၍မရသော ခံစားမှုများဖြစ်သော၊ ဥပမာ အသံလှိုင်း၊ ဆွဲတတ်သောသံလိုက်ဓာတ်၊ သေမင်းရောင်ခြည်စသော အရာများကို အဘယ်သို့ပေါ်လွင်အောင် ရေးဆွဲမည်နည်း။ သို့သော် လောကဓာတ်ပညာက သူတို့တတွေ လောကဌရှိနေသည် ပြောသည်။ သူတို့ကို အဓိပ္ပာယ်ပေါ်လွင်လာအောင် ဘယ်လိုသရုပ်ဖော်မည်နည်း။ သူတို့၏ပုံစံ၊ သူတို့၏အလှသဘောများ ဘယ်လိုနေပါလိမ့် စသော မေးခွန်းများ ထွက်လာသည်။ မြင်နေကျ၊ တွေ့နေကျ၊ သမားရိုးကျပန်းချီမှ လွှဲဖယ်၍ အသစ်အဆန်း တောင့်တနေသော ပန်းချီဆရာများက သရုပ်ဖော်စမ်းသပ်လိုကြသည်။

လောကဓာတ်ပညာသည် ရှေးဆန်သော အယူအဆများ၊ အပေါ်ယံအတုများကို ဖယ်ထုတ်၍ ယင်း

mgyoe.com

mgyoe.com


မျက်စိဖြင့် မမြင်နိုင်သော ဝတ္ထုရုပ်များ၏ မြင်ကွင်းသစ်များ ပြသသည်။ မြင်ကွင်းသစ်များသည် ပန်းချီဆရာအား "အား" သစ်တစ်ခု လှုံ့ဆော်ပေးလိုက်သည်။ ၎င်းအားသစ်သည် Recreation ပြန်လည်ဖန်ဆင်းမှုတစ်ရပ်ဖြစ်သည်။ ပန်းချီဆရာသည် ထိုမှတစ်ဆင့် တက်ပြန်သည်။ ထိုအဆင့်မှာ မိုက်ခရိုမှန်ဘီလူးမပါဘဲ အလားတူ မိမိစိတ်၌ခံစားမှုဝေဒနာများကို ကားချပ်ပေါ်တွင် ပြန်လည်သရုပ်ဆောင်ခြင်းပင်ဖြစ်သည်။ ၎င်းအယူအဆကို Expressionism ဟုခေါ်သည်။

မော်ဒန်ပန်းချီဆရာသည် သစ်တစ်ပင်ရိပ်၊ ဝါးတစ်ပင်အောက်တွင် တရားထူးကိုရှာနေသည့် ယောဂီအလား နာမ်သဘောကျက်စားပုံ၊ လောက၏ဒုက္ခ၊ သုခ ဖြစ်ပျက်ပုံကို၊ အပြင်မှမြင်သော ရုပ်ဝါဒကို ပြည်ဖုံးကားချ၍ အတွင်းသဘောများကို နှိုက်ချွတ်၊ တင်ပြသော Abstract painter စိတ္တဇပန်းချီဆရာသဘောသို့ ရွေ့လျောလာသည်။ သို့ဖြစ်၍ သဘာဝအမှန်ရှာ၍ ရေးဆွဲသော ပန်းချီကားများကို အကောင်းအဆိုးဝေဖန်ခြင်းပြုသနာမရှိတော့ပြီ။ သဘာဝသည်ပင်လျှင်ဆိုးသလော။ ကောင်းသလော။

□

mgyoe.com

mgyoe.com


# ABSTRACT FORM
# စိတ္တဇရုပ်

မော်ဒန်ပန်းချီတွင် ရုပ်အထူးအဆန်းများ ပါတတ်သည်။ ထူးဆန်းပုံမှာ ဘာရုပ်ဟု ထောက်ပြ၍မရ။ ယခင်က မြင်ဖူးသိဖူးသောအရုပ်များလည်း မဟုတ်။ မီးခိုးယောင်ယောင်၊ တောတောင်ယောင်ယောင်၊ သက်ရှိလူ– တိရစ္ဆာန်ယောင်ယောင်။ တစ်နည်းအားဖြင့် အဝိုင်း၊ လေးထောင့်၊ သုံးထောင့်စသောပုံစံများလည်း မဟုတ်။ ပညတ်ပေး၍မရနိုင်သောအသွင်များ ဖြစ်သည်။ ၎င်းတို့မှာ လက်တွေ့စမ်းသပ်၍မရစကောင်း၊ စိတ်၌သာလျှင် ခံစားမှုဖြစ်သဖြင့် "စိတ္တဇ" ဟု မြန်မာပြန်ကြပုံရသည်။

စိတ္တဇဆေးရုံဟု ဘယ်အချိန်အခါက ပညတ်ပေး

mgyoe.com

mgyoe.com



ထားသည်မသိ။ Abstract Art ကို စိတ္တဇပန်းချီဟု ဘာသာပြန်ရသည်မှာ ရှေ့သွားစကားလုံးတစ်ခုကပင် နာမည်ပျက်ရှိနေသဖြင့် "စိတ္တဇ" ဆိုလျှင် လူတိုင်းက "အရူး" ထင်စရာဖြစ်နေသည်။

Abstract Art ကို စိတ္တဇမှလွဲ၍ အခြားအဓိပ္ပာယ်များ ပေါက်ပါသေးသည်။ ၎င်းတို့မှာ အတိုချုံးခြင်း၊ အဆီထုတ်ခြင်း။

ပုံ-၄



ပုံ-၅



ရှင်းလင်းစေရန် ပုံနံပါတ် ၄ သစ်ပင်ပုံကို ကြည့်ပါ။ ၎င်းမှတဖန်အတိုချုံးရာ ပုံနံပါတ် ၅-၆-၇ စသည်ဖြင့် အဆင့်ဆင့်ဖြစ်ပေါ်လာသည်။ နောက်တစ်မျိုး ပုံနံပါတ် ၈ အဆောက်အဦးပုံကို အတိုချုပ်ရာ

mgyoe.com


mgyoe.com




ပုံ–၆



ပုံ–၇



ပုံ–၈




သို့မဟုတ် အဆီထုတ်ရာ နောက်ဆုံးတွင် မူလပုံပျောက်၍ Abstract ပုံစံတစ်ခုဖြစ်ပေါ်လာသည်။

mgyoe.com


mgyoe.com



ပုံ–၈



ပုံ–၉




ပုံ–၈ = အဆောက်အအုံတစ်ခု၏ဓာတ်ပုံ။

ပုံ–၉ = ပန်းချီကားအဖြစ်ရေးရန် ပုံကြမ်း။

mgyoe.com

mgyoe.com


ပုံ-၁၀



ပုံ-၁၀= ပုံကြမ်းကို ဆေးအနှ၊ အရင့်ဖြင့် လိုအပ်သော အရာများကို ပေါ်လွင်စေ၍ အလိုမရှိသော အရာများကိုပယ်ပြီးလျှင် အမြင်ဆန်းသစ်သော ပန်းချီကားတစ်ချပ်အဖြစ် ဖန်တီးသည်။

mgyoe.com